ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၃၁) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက် နေ့အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၇.၇၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၁)ရက်မြောက်နေ့ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၁။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ ၂၇-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူးဖြစ်သူ ဗျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ဒေါ်ကျိုနိုင်ကိမန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။ ဒေါ်ရှီလာနန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဦးဇော်မင်းလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)တို့နှင့် ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ(၁၆)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၆)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး(၃၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းသည့် မေးခွန်းများသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားဖို့ ဖြစ်ပါတယ်။

## ပြည်သူအများ လက်ဝယ်၊ ဝယ်ယူပိုင်ဆိုင် အသုံးပြုနေကြသော တရားမဝင်မော်တော်ယာဉ်များနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် က ပြည်သူအများ လက်ဝယ်၊ ဝယ်ယူပိုင်ဆိုင် အသုံးပြုနေကြသော တရားမဝင်မော်တော်ယာဉ်များနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူအများ အထူးသဖြင့် ကရင်ပြည်နယ်က ရဟန်းရှင်လူ ပြည်သူအများ အထူးစိတ်ဝင်စားနေကြတဲ့ တရားမဝင်

မော်တော်ယာဉ်များနှင့် စပ်လျဉ်းတဲ့ မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းကို အကျိုးအကြောင်းနဲ့ တင်ပြလိုတဲ့အတွက် အချိန်လုံလောက်မှုမရှိခဲ့ရင် မိနစ်အနည်းငယ် တိုးပေးဖို့ ခွင့်ပြုစေလိုကြောင်း ကြိုတင်မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းများ ကတော့ (၁) ပြည်သူအချို့ဝယ်ယူပိုင်ဆိုင်ထားသော တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များအား သင့်တော်သည့် နည်းလမ်းတစ်မျိုးမျိုးဖြင့် တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ။ (၂)အစီအစဉ်ရှိလျှင် မည်သည့်ကာလတွင် မည်သို့ဆောင်ရွက်ပေးမည်နည်း။ (၃)အစီအစဉ်မရှိလျှင် ယင်း မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ ပြည်သူများနစ်နာမှုမရှိအောင် မည်သို့ဆောင်ရွက်သွားမည် နည်း။ (၄)တရားမဝင်လမ်းကြောင်းများမှ မော်တော်ယာဉ်များ ထပ်မံဝင်ရောက်လာခြင်း မရှိအောင် မည်ကဲ့သို့ ထိန်းချုပ် ဟန့်တား စီမံဆောင်ရွက်သွားမည်နည်း။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရလက်ထက်က မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ မူဝါဒတွေကို ဖြေလျှော့ပေးလိုက်တဲ့အတွက် နိုင်ငံသားအတော်များ များဟာ မော်တော်ယာဉ်တွေကို တရားဝင် ဝယ်ယူပိုင်ဆိုင်လာခဲ့ကြပါတယ်။ သို့သော်လည်း တရားဝင် လိုင်စင်ရှိ မော်တော်ယာဉ်ဈေးနှုန်းကို လက်လှမ်းမမီတဲ့အတွက်ကြောင့်လည်းကောင်း၊ ဈေးလည်း သက်သာ လွယ်လွယ်လည်းဝယ်လို့ရပြီး၊ အဖမ်းမခံရချိန်အထိ လတ်တစ်လော အသုံးတည့်နေကြတဲ့ အခြေအနေတွေကြောင့်လည်းကောင်း၊ ပြည်သူတချို့ဟာ နယ်စပ်လမ်းကြောင်းကတစ်ဆင့် တရားမဝင် တင်သွင်းလာတဲ့ မော်တော်ယာဉ်တွေကို ဝယ်ယူပိုင်ဆိုင် သုံးစွဲလာခဲ့ကြပါတယ်။ ကျွန်တော်တို့ ကရင်ပြည်နယ်မှာတော့ ငွေကျပ်သိန်း(၂၀)လောက်ရှိရုံမျှနဲ့ ကားတစ်စီးဝယ်ယူပိုင်ဆိုင်နိုင်တဲ့အတွက် ခန့်မှန်းခြေ အားဖြင့် ကရင်ပြည်နယ်မှာရှိတဲ့ မော်တော်ယာဉ်စုစုပေါင်းရဲ့ (၇၅)ရာခိုင်နှုန်းလောက်ဟာ လိုင်စင်မဲ့ မော်တော်ယာဉ်တွေ ဖြစ်မယ်လို့ ထင်မိပါတယ်။ ဒီကားတွေကို အသုံးပြုပြီး ဒေသတွင်းခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွေမှာ တွင်ကျယ်စွာ အသုံးပြုလာနိုင်ကြ လို့ ပြည်သူတချို့ရဲ့ လူမှုစီးပွားဘဝကို အတိုင်းအတာတစ်ခုအထိ အကျိုးရှိစေခဲ့တာ အမှန်ပဲဖြစ်ပါ တယ်။ တချို့သောမိသားစုတွေဟာဆိုရင် လိုင်စင်မဲ့ကားတစ်စီးကို အမှီပြုပြီး မိသားစုရဲ့စားဝတ်နေရေး ကို ဖြေရှင်းနေကြတာတွေ ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအကျိုးဖြစ်ထွန်းမှုတွေရှိသလို တစ်ဖက်မှာလည်း ယာဉ်မောင်း လိုင်စင်မရှိကြဘဲ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်လိုက်နာနိုင်ခြင်းမရှိကြဘဲ မောင်းနှင်မှု တွေကြောင့် ယာဉ်မတော်တဆမှုတွေ၊ ယာဉ်တိုက်ခိုက်မှုတွေ မကြာခဏဆိုသလို ပေါ်ပေါက်လျှက် ရှိနေပါတယ်။ ဖြစ်စဉ်တွေ ဖြစ်ပေါ်လာရင်လည်း တရားဝင် မှတ်ပုံတင်ထားခြင်းမရှိတဲ့အတွက်ကြောင့် တရားခံကို ဖော်ထုတ်ဖမ်းဆီးရမိရန် အခက်အခဲများစွာ ရှိနေပါတယ်။

**ဥက္ကဋ္ဌ။** ။ နှစ်မိနစ်ထပ်မံ ခွင့်ပြုပါတယ်။ နှစ်မိနစ်အတွင်း ပြီးအောင်မေးပါ။

**ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ တရားမဝင် မော်တော်ယာဉ် နှင့် ဆက်စပ်ပြီးတရားမဝင် စီးပွားရေးလုပ်ငန်းတွေ၊ ဥပဒေမဲ့လုပ်ရပ်တွေကို ထိန်းချုပ်နိုင်ရန်လည်း အခက်အခဲတွေ ရှိနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်မော်တော်ယာဉ်များ ဖမ်းဆီးရမိတဲ့ သတင်းတွေကို သတင်းစာ၊ ဂျာနယ်တွေထဲမှာ တွေ့နေရပါတယ်။ ဖမ်းမိတဲ့ အရေအတွက်ဟာ ရှိနေတဲ့

အရေးအတွက်နဲ့စာရင် အလွန်သေးငယ်တဲ့ ပမာဏသာလျှင်ဖြစ်ပါတယ်။ အခုဆိုရင် လိုင်စင်မဲ့ မော်တော်ယာဥ်တွေဟာ ကရင်ပြည်နယ်သာမက မြန်မာပြည်အနှံ့ ပျံ့နှံ့ရောက်ရှိနေကြောင်း ကြားသိနေရပါတယ်။ ဒေသတစ်ခုမှာ ဖမ်းပြီး တခြားဒေသမှာ မဖမ်းဘူး။ မြို့တစ်မြို့မှာ ဖမ်းပြီးတခြားမြို့တွေမှာ ဖမ်းဆီးခြင်းမပြုဘူးဆိုရင် ဒါဟာဥပဒေအရ သာတူညီမျှမှုမရှိဘူးလို့ ယူဆနိုင်ပါတယ်။ အကယ်၍ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျေးလက်တောရွာပါမကျန် ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီးအရေး ယူမှုပြုမယ်ဆိုပြန်ရင်လည်း မလိုလားအပ်တဲ့ နောက်ဆက်တွဲပြဿနာတွေ ပေါ်ပေါက်လာနိုင်စရာတွေရှိနေပြန်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အတွက် သို့မဟုတ် တိုင်းဒေသကြီး၊ ပြည်နယ်တွေအတွက် အခွန်ဘဏ္ဍာငွေတွေရရှိစေ၊ တစ်ဖက်မှာလည်း တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဥ်ပိုင်ရှင် ပိုင်ဆိုင်ထားကြသူများ၊ ကျီးလန့်စာစား ဖြစ်နေတဲ့ဘဝကနေ လွှန်မြောက်ပြီး စိတ်လက်အေးချမ်းစွာ ရှာဖွေလုပ်ကိုင်စားသောက်နိုင်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ အထက်ပါမေးခွန်းများကို မေးမြန်းရခြင်း ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရသေ့တောင်မြို့နယ်၊ အုတ်ဖို(ခ) အိုးဖောက် ကျေးရွာ၌ သင်္ဘောဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရသေ့တောင်မြို့နယ်၊ အုတ်ဖို (ခ) အိုးဖောက်ကျေးရွာ၌ သင်္ဘောဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရသေ့တောင်မြို့နယ်၊ အုတ်ဖို (ခ) အိုးဖောက်ကျေးရွာ၌ သင်္ဘောဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာ ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို အရင်တစ်ခါ မေးဖူးပါတယ်ခင်ဗျား။ အခု ဒီဆိပ်ခံတံတားမရတော့ ပြည်သူလူထုက နောက်ထပ်တောင်းဆိုတဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒီ အိုးဖောက်ကျေးရွာဟာ မေယုမြစ်ကမ်းဘေးမှာရှိတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ တပ်မတော် တပ်ဖွဲ့တွေ ရုံးစိုက်ပါတယ်။ နောက် ပြည်သူ့ရဲတပ်ဖွဲ့လည်းရှိပါတယ်။ တစ်ပတ်မှာနှစ်ကြိမ်ကျင်းပတဲ့ဈေးရှိတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ဒီဈေးနဲ့ ဒီဆိပ်ကမ်းကို မှီပြီးတော့ ရသေ့တောင်မြို့နယ်နဲ့ ဘူးသီးတောင်မြို့နယ်က ရွာပေါင်း(၄၀)က ကုန်သွယ် ကူးသန်းသွားလာကြတယ်။ အရောင်းအဝယ်ပြုလုပ်ကြပါတယ်။ အဲဒါကြောင့် အချက်အချာကျတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ဒီရွာကို ဖြတ်ပြီးတော့ တစ်နေ့မှာ သင်္ဘောနှစ်ကြိမ်သွားပါတယ်။ ဒီရေတက်ချိန်ကျရင် အဲဒီ ပျဥ်ပြားတစ်ချပ်ပေါ်က ပြည်သူလူထုဟာ ကြိုးတန်းလျှောက်သလိုလျှောက်ပြီးတော့ သွားရပါတယ်။ ဒီရေကျချိန်ကျရင်လည်း ရွှံ့ပြင်ကြီးကို ဖြတ်ပြီးတော့ ပေ(၃၀)လောက်လျှောက်ပြီးမှ အဲဒီ ဈေးထိပ်ကိုရောက်ပါတယ်။ အဲဒါကြောင့် ဒီမိုးလေနဲ့ ရာသီဥတုဆိုးတဲ့ အချိန်မှာဆိုရင် ဒီရပဟန်းရှင် လူတွေသွားရတာ ကာလ္လနေ္တတွေ မကြာခဏ

ပျက်ပြားသွားတာတွေ ရှိပါတယ်။ အဲဒီလမ်းမှာဆိုရင် နိုင်ငံခြားသားတွေ၊ NGO အဖွဲ့က နိုင်ငံခြားသား တွေလည်း ခဏခဏ သွားပါတယ်။ အစိုးရဌာနဆိုင်ရာကလည်း အများကြီးသွားပါတယ်။ ဆိုတော့ ပြည်သူလူထုအနေနဲ့ ဒါဟာ အမြင်မတော်ဖြစ်နေတဲ့အတွက် ဒီတံတားကို အလျင်အမြန် တည်ဆောက် ပေးဖို့ လိုပါတယ်။ လောလောဆယ်ကတော့ အဲဒီက ရွာသားတစ်ယောက်က တည်ဆောက်ထားတဲ့ ယိုင်နဲ့နဲ့တံတားတစ်စင်းတော့ ရှိပါတယ်။ တကယ်လို့ လုပ်မယ်ဆိုရင်လည်း ဒီဟာက သိန်း(၅၀၀) အောက်လောက်ပဲ ကုန်မယ့်တံတားဖြစ်တဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးဆီကတစ်ဆင့် နိုင်ငံတော်အစိုးရဆီမှာ တောင်းဆိုရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရခိုင်ပြည်နယ်ရှိ ပျက်စီးနေသည့် ရထားလမ်းများအား ပြုပြင်ပြေးဆွဲပေးမည့်အချိန်ကို သိရှိလိုခြင်းနှင့် ရထားလမ်းအား စစ်တွေမြို့နယ်အထိလည်းကောင်း၊ ကျောက်တော်မှ မြောက်ဦးရထားလမ်းပိုင်း အတွက် ဒေသခံများ လက်ခံသည့် ယဉ်ကျေးမှုနယ်မြေရှောင်လမ်းမှလည်းကောင်း၊ တခြားမြို့နယ်များသို့ ဆက်လက်လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်က ရခိုင်ပြည်နယ်ရှိ ပျက်စီးနေသည့် ရထားလမ်းများအား ပြုပြင်ပြေးဆွဲပေးမည့်အချိန်ကို သိရှိလိုခြင်းနှင့် ရထားလမ်းအား စစ်တွေမြို့နယ်အထိလည်းကောင်း၊ ကျောက်တော်မှ မြောက်ဦးရထားလမ်းပိုင်း အတွက် ဒေသခံများလက်ခံသည့် ယဉ်ကျေးမှုနယ်မြေရှောင်လမ်းမှလည်းကောင်း၊ တခြားမြို့နယ်များ သို့ ဆက်လက်လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီး များအားလုံး သာလေစွပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ တစ်ခုတည်းသော ရထားလမ်းဖြစ်တဲ့ ကွမ်းတောင်-ကျောက်တော် ရထားလမ်းမှာ ပြေးဆွဲနေစဉ်ကာလအတွင်း ဒေသခံပြည်သူများ၊ ဝန်ထမ်းများ၊ လယ်သမားများ၊ ဈေးသည်များ အထိုက်အလျောက် အဆင်ပြေမှု ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လအတွင်းက ကိုမန် ဆိုင်ကလုန်း မုန်တိုင်းဝင်ရောက်ခဲ့စဉ်က ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ မြို့နယ်(၆)မြို့နယ် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၏ တစ်ခုတည်းသောရထားလမ်းမှာ အဆိုပါရေကြီးရေလျှံမှုကြောင့် ကျွန်တော့် ကျောက်တော်မြို့နယ် မဲဆန္ဒနယ်ဖြစ်တဲ့ဘက်အခြမ်းမှာ လေးနေရာလောက် ရထားလမ်း ပြတ်တောက်သွားခဲ့ပါတယ်။

အဆိုပါ ၂၀၁၅ ခုနှစ်မှ ပြတ်တောက်သွားခဲ့တဲ့ ရထားလမ်းကို ယနေ့အချိန်အထိ ပြုပြင်မှု တစ်စုံတစ်ရာမှ မရှိသေးပါ။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်ဘက်အခြမ်းတွင် ဘူတာကြီးနှစ်ခုနဲ့ ဘူတာအသေးနှစ်ခုဟာ လူသူ တိတ်ဆိတ်နေခဲ့ပါတယ်။ နိုင်ငံတော်၏ ဘဏ္ဍာငွေများ အလိုအလျောက် ဆုံးရှုံးမှုများ ဖြစ်နေပါတယ်။ အဲဒါကြောင့် အဆိုပါ ပျက်ဆီးမှုကို ပြုပြင်ပေးရန်နဲ့ ဆက်လုပ်စရာရှိသည့်

ရထားလမ်းအပိုင်းကို ဆက်လုပ်သင့်ပါတယ်။ ရထားလမ်းဆိုသည်မှာ နိုင်ငံတော်၏ အမြတ်ရရှိရေးကိုသာ မကြည့်ဘဲ နိုင်ငံသူ၊ နိုင်ငံသားများ၏ ခရီးသွားလာရေးအဆင်ပြေမှုကို ကြည့်ရှုပြီး လုပ်ပေးသင့်ပါကြောင်း အောက်ပါ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

မေးခွန်း(၁)က ရခိုင်ပြည်နယ်ရှိ ပျက်စီးနေတဲ့ ရထားလမ်းအား မည်သည့်အချိန်တွင် ပြုပြင်ရန်နှင့် မည်သည့်အချိန်တွင် ပြန်လည်ပြေးဆွဲပေးရန် သိရှိလိုပါတယ်။ မေးခွန်း(၂)ကတော့ ရထားလမ်းအား စစ်တွေမြို့နယ်အထိလည်းကောင်း၊ ကျောက်တော်မှ မြောက်ဦးရထားလမ်းပိုင်းအတွက် ဒေသခံများ လက်ခံတဲ့ ယဉ်ကျေးမှုနယ်မြေရှောင်လမ်းမှလည်းကောင်း၊ တခြားမြို့နယ်များသို့ ဆက်လက်လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးသန့်စင်မောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ကရင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ အရင်ပထမအကြိမ် အမျိုးသားလွှတ်တော် တုန်းကလည်း (၃)ကြိမ် မေးမြန်းခံခဲ့ရပါတယ်။ ကြယ်ပွင့်မပြ မေးခွန်းပါ။ ပြည်သူ့လွှတ်တော်မှာလည်း တစ်ကြိမ်အမေးခံရတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ပိုပြီးတော့ ပြည့်ပြည့်စုံစုံဖြေကြားနိုင်အောင် ကျွန်တော့်ကို power point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ အဲဒီမှာ ဦးစိုင်းသန်းနိုင် မေးတဲ့မေးခွန်းတွေထဲမှာ ပြည်သူအချို့ ဝယ်ယူပိုင်ဆိုင်ထားသော တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များအား သင့်တော်သည့်နည်းလမ်းတစ်မျိုးမျိုးဖြင့် တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ အစီအစဉ်ရှိလျှင် မည်သည့်ကာလတွင် မည်သို့ဆောင်ရွက်ပေးနိုင်မည်နည်း၊ အစီအစဉ် မရှိလျှင် ယင်းမော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ ပြည်သူများ နစ်နာမှုမရှိအောင် မည်သို့ဆောင်ရွက်သွားမည်နည်း၊ တရားမဝင်လမ်းကြောင်းများမှ မော်တော်ယာဉ်များ ထပ်မံဝင်ရောက်လာခြင်းမရှိအောင် မည်ကဲ့သို့ ထိန်းချုပ်ဟန့်တားစီမံ ဆောင်ရွက်သွားမည်ဆိုတဲ့ မေးခွန်းတွေဖြစ်ပါတယ်။ အဲဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပထမဆုံး မော်တော်ယာဉ်တင်သွင်းမှု (၂)မျိုးရှိပါတယ်။ မော်တော်ယာဉ်တင်သွင်းလာတာက သင်္ဘောနဲ့သယ်ယူပြီး ဆိပ်ကမ်းကတင်သွင်းတာ၊ နယ်စပ်ဝင်ပေါက်ကနေပြီး ကုန်းလမ်းနဲ့ တင်သွင်းတာ ဖြစ်ပါတယ်။

အဲဒီအခါမှာ ဒီနေရာမှာတာဝန်ပိုင်းတွေ ကျွန်တော်ခွဲခြားပြီး ပြောပြချင်ပါတယ်။ အဲဒီ ကနဦး မှတ်ပုံတင်တဲ့အခါမှာ အချက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေပြီးတော့ ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပေးတဲ့ သွင်းကုန်လိုင်စင်ပါရမယ်။ သွင်းကုန်လိုင်စင်ရှိရမယ်။ တစ်ခါ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနက အကောက်ခွန်ဦးစီးဌာနကနေ သွင်းကုန်ကြေညာလွှာနဲ့ အကောက်ခွန် ဖော်ပြချက် စာရွက်စာတမ်းတွေ တင်ပြရမယ်။ တစ်ခါ အဲဒီအချက်အလက်တွေ ပြည့်စုံမှ ကျွန်တော့် ဝန်ကြီးဌာနရဲ့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကနေပြီးတော့ မှတ်ပုံတင်ဆောင်ရွက်ပေး တာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဟာ ဒီလိုမဖြစ်ခဲ့ဘူးလားဆိုတော့ တရားမဝင်ရောက်ရှိတဲ့ယာဉ်တွေ ရှိခဲ့ပါတယ်။ ယခင် န.ယ.က အစိုးရလက်ထက်မှာ ၃၀-၆-၂၀၁၀ မှာပြုလုပ်တဲ့ ကုန်သွယ်မှုမူဝါဒကောင်စီ အစည်းအဝေးအမှတ်စဉ် ၂၀/၂၀၁၀ ရဲ့ ဆုံးဖြတ်ချက်အရ ယာဉ်ကာလတန်ဖိုးရဲ့ (၈၅)ရာခိုင်နှုန်းကို ပေးဆောင်၊ ကာလတန်ဖိုးရဲ့ (၈၅)ရာခိုင်နှုန်းကို ပေးဆောင်ပြီးတော့ တရားဝင်ယာဉ်အဖြစ်နဲ့ မှတ်ပုံတင်ပေးခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်းပဲ တရားဝင်တန်ဖိုးဟာ ကာလတန်ဖိုးဟာ ဘာလဲဆို တာကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီး အဲဒီကိုယ်စားလှယ်တွေ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့ ကာလတန်ဖိုးကို သတ်မှတ်တယ်။ သတ်မှတ်ပေးပြီးတော့ ကာလကလည်း သတ်မှတ်ပေးခဲ့တယ်။ ၁၆-၇-၂၀၁၀ ကနေပြီးတော့ ၂၂-၉-၂၀၁၀ အထိ (၂)လ ခွင့်ပြုခဲ့ပြီးတော့ ယာဉ်ပေါင်း(၆၆၂၆)စီးကို မှတ်ပုံတင်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီမှာလည်းပဲ ဒီလို လိုင်စင်မဲ့တွေ မဖြစ်အောင် မော်တော်ယာဉ် တင်သွင်းခြင်းနဲ့ပတ်သက်ပြီး စည်းကမ်းတွေရှိအောင်၊ မော်တော်ယာဉ် တင်သွင်းခြင်းနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းကော်မတီတွေကိုလည်းပဲ ယခင်အစိုးရလက်ထက်တွေမှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ ယခင်အစိုးရ လက်ထက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၈-၁၀-၂၀၁၁ အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၁ နဲ့ ဖွဲ့စည်းခဲ့တယ်။ အခု အစိုးရလက်ထက်မှာလည်းပဲ ယခု ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၅-၄-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၉/၂၀၁၆ နဲ့ ဖွဲ့စည်းခဲ့ ပါတယ်။ အဲဒီအဖွဲ့အစည်းလေးအကြောင်းကို ဒီမှာ ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။ အဖွဲ့ဝင်ကတော့ ကျွန်တော့်ဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန်နဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒီမှာ အတွင်းရေးမှူးကတော့ ကျွန်တော့်ဌာနက တွဲဖက်အတွင်းရေးမှူး လုပ်ပါ တယ်။ အတွင်းရေးမှူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန် က အတွင်းရေးမှူးလုပ်ပါတယ်။

အဲဒီတော့ မော်တော်ယာဉ်တင်သွင်းခွင့်ပြုတဲ့ အစီအစဉ်တွေအကြောင်းကိုလည်း ကျွန်တော် ကြုံကြိုက်တုန်းမှာ ရှင်းပြပါမယ်။ ယာဉ်အိုး ယာဉ်ဟောင်းတွေအပ်နှံပြီး တင်သွင်းခွင့်ပြုတဲ့ အစီအစဉ် ကို ၁၉-၉-၂၀၁၁ ကနေစတင်ပြီး ဖြေလျှော့ခဲ့တယ်။ လူတစ်ဦးချင်းအလိုက် တင်သွင်းခွင့်ပြုတဲ့ အစီအစဉ်ကို ၇-၅-၂၀၁၂ မှာ စတင်ဖြေလျှော့ခွင့်ပြုခဲ့တယ်။ မော်တော်ယာဉ် အရောင်းစင်တာတွေနဲ့ အရောင်းပြခန်းတွေကနေ တင်သွင်းရောင်းချခွင့် ပြုခဲ့တယ်။ အဲဒီတော့ ၁၉-၉-၂၀၁၁ ကနေပြီးတော့ ၃၀-၄-၂၀၁၆ အထိ ယာဉ်အစီးရေစုစုပေါင်း (၆၅၉၆၄၈)စီးကို ကနဦးမှတ်ပုံတင်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့က လိုင်စင်မဲ့ယာဉ်တွေကို ဒီလိုပဲ တရားဝင်တာတွေကို ခွင့်ပြုပြီးတော့

တရားမဝင်တာတွေကို လိုင်စင်ရအောင် လုပ်ပေးမလားဆိုရင် လုပ်ပေးလိုက်ရင် ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေတွေကို ကျွန်တော် တင်ပြလိုပါတယ်။

တရားဝင်တင်သွင်းလာတဲ့ ယာဉ်ပိုင်ရှင်တွေ နစ်နာမှုရှိတယ်။ အဲဒီအခါမှာ မကျေနပ်မှုများကြောင့် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်ပေါ်လာနိုင်တယ်။ ခွင့်ပြုချက်နဲ့ ဖွင့်လှစ်ရောင်းချတဲ့ Sale Centre တွေ၊ Show Room တွေကို ထိခိုက်လာတဲ့အတွက်ကြောင့် ကန့်ကွက်မှုတွေလည်း ဖြစ်လာနိုင်တယ်။ ပြည်တွင်းကားဈေးကွက်ကလည်း ကမောက်ကမ ဖြစ်သွားနိုင်တယ်။ တည်ဆဲဥပဒေ၊ နည်းဥပဒေတွေကို ဖောက်ဖျက်ကျော်လွှန်ဆောင်ရွက်မယ့်အခြေအနေတွေ ဖြစ်နေတယ်။ နောင်တွင်လည်း အလားတူထပ်မံပြီး ဖောက်ဖျက်ရန် အလေ့အထသဖွယ် ကျင့်သုံးလာမှာဖြစ်တယ်။ တရားမဝင်တင်သွင်းမှုကို အားပေးရာရောက်စေမယ်။ နိုင်ငံတကာရဲ့ ကျင့်သုံးနေတဲ့စနစ်တွေနဲ့ ဆန့်ကျင်နေမယ်။ အိမ်နီးချင်းနိုင်ငံတွေကနေပြီး ခိုးယူလာတဲ့ ယာဉ်တွေဖြစ်ပါက ကန့်ကွက်ခြင်း၊ တားမြစ်ခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများနဲ့ မလိုလားအပ်တဲ့ကိစ္စတွေလည်း ရှုပ်ထွေးလာနိုင်တယ်။

ဒါ့ကြောင့် ကျွန်တော်တို့ကတော့ တရားမဝင်တဲ့ယာဉ်တွေ၊ တရားမဝင်လမ်းကြောင်းကနေပြီးတော့ ဝင်ရောက်လာတဲ့ ယာဉ်တွေ၊ လိုင်စင်မဲ့ယာဉ်တွေကို လိုင်စင်ရရှိအောင်၊ တရားဝင်အောင် လုပ်ပေးမလားလို့ဆိုခဲ့ရင် လုပ်မပေးပါဘူးလို့ပဲ ကျွန်တော်ဖြေပါ့မယ်။ ကျွန်တော်တို့မှာ အစီအစဉ် မရှိပါဘူး။ အဲဒီတော့ တရားမဝင်လမ်းကြောင်းကနေပြီးတော့ ယာဉ်တွေ ထပ်မံပြီးဝင်ရောက်လာခြင်းမရှိစေရန် ထိန်းချုပ်ဟန့်တားတယ်ဆိုတဲ့ ကိစ္စမှာလည်း (၃)ပိုင်းလုပ်ပါမယ်။ ပြည်တွင်းမှာရောက်ရှိနေတဲ့ တရားမဝင် လိုင်စင်မဲ့ယာဉ်များအား သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များရဲ့ ကြီးကြပ်မှုနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိတဲ့အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး စီမံချက်ချမှတ်ပြီး ရှောင်တခင်စစ်ဆေးခြင်း၊ ဖမ်းဆီးအရေးယူခြင်း၊ နယ်စပ်ဒေသဝင်ပေါက်များမှ ထပ်မံ၍ ဝင်ရောက်မလာနိုင်ရန် ဌာနစုံပူးပေါင်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးလျက် တင်းကြပ်စွာ တားမြစ်ပိတ်ဆို့ခြင်း၊ ဥပဒေကို ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ကျူးလွန်သူများကို ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်များ ချမှတ်အရေးယူခြင်းဖြင့် ဆောင်ရွက်သွားမယ်ဖြစ်ပါကြောင်း ကျွန်တော် ဖြေကြားလိုပါတယ်။

ဒီ တကယ့် အဓိကကတော့ တရားမဝင် မော်တော်ယာဉ်များနဲ့ပတ်သက်ပြီး တရားဝင် လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးရန်အစီအစဉ် မရှိပါဘူးဆိုတာကို ရှင်းရှင်းလင်းလင်း ဖြေကြားအပ်ပါတယ်။ ဒီနေရာမှာ နစ်နာလားဆိုတဲ့ကိစ္စ၊ နစ်နာအောင်လုပ်တာသည် ကာယကံရှင်များသာလျှင် ဖြစ်ပါ တယ်။ ဒါဖြင့်ရင် ခုနတုန်းက ကျွန်တော် တင်ပြသွားတဲ့အတိုင်းပဲ တရားဥပဒေကို လိုက်နာအောင် လုပ်မှသာဖြစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့တော့ ဆောင်ရွက်ပေးရန် တရားမဝင် လိုင်စင်မဲ့ယာဉ်များကို လိုင်စင်ထုတ်ပေးနိုင်ဖို့ အစီအစဉ်မရှိကြောင်း ဖြေကြားလိုပါတယ်။

နောက် ကျွန်တော် ဒုတိယအဖြေကို ဆက်လက်ပြီးတော့ ဖြေကြားခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ အမျိုးသားလွှတ်တော်သို့ တင်ပြထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။

ပထမဆုံး ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ရှင်းလင်းဖြေကြားချက် ပေးပို့ထားပါတယ်။ အဲဒါကတော့ ရသေ့တောင်မြို့နယ်၊ အုတ်ဖို (ခ) အိုးဖောက်ကျေးရွာ၌ သင်္ဘောဆိပ်ခံတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို ကျွန်တော်က ကိုယ်စား ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ရသေ့တောင်မြို့နယ်၊ အုတ်ဖို(ခ)အိုးဖောက်ကျေးရွာဟာ စစ်တွေ၊ ရသေ့တောင်၊ ဘူးသီးတောင်သွားရာ ရေလမ်းကြောင်းမှာ တည်ရှိတဲ့ကျေးရွာဖြစ်ပြီးတော့ မေယုမြစ်ကမ်းဘေးမှာ တည်ရှိကာ ရသေ့တောင်၊ ဘူးသီးတောင်သို့ ရေလမ်းခရီးဖြင့် သွားလာရာတွင် ခေတ္တကြားရပ်နားရာ နေရာတစ်ခု ဖြစ်ပါတယ်။ အဆိုပါတံတားဟာ အုတ်ဖို (ခ) အိုးဖောက်ကျေးရွာသူ၊ ကျေးရွာသားများက ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့သော သစ်သားဆိပ်ခံတံတား ဖြစ်ပါတယ်။ ဒီ သစ်သားဆိပ်ခံတံတားမှာ အစိုးရပိုင်သင်္ဘောတွေ၊ ပုဂ္ဂလိကပိုင် အမြန်ရေယာဉ်တွေနဲ့ စည်ပင်သာယာရေးအဖွဲ့ပိုင် လိုင်စင်ရ လိုင်းစက်လှေကြီးများ ရပ်နား ကူးသန်းရောင်းဝယ်ခြင်းများ ပြုလုပ်ကြပါတယ်။

အဆိုပါ သင်္ဘောဆိပ်ခံတံတားကို အလျား(၆၀)ပေ၊ အနံ(၁၄)ပေx(၁၈)ပေ အတိုင်းအတာဖြင့် ကွန်ကရစ်ဆိပ်ခံတံတား ပြုလုပ်မယ်ဆိုရင် ခန့်မှန်းတန်ဖိုးငွေ ကျပ်သန်း(၂၅၀)ခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာပေါင်း(၄၀)ရွာတို့မှာ ၎င်းတံတားအား အသုံးပြုလျက်ရှိပြီး၊ အိမ်ခြေ(၅၃၂၄)အိမ်၊ လူဦးရေ(၃၁၁၃၄)ဦးတို့အား အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ ရသေ့တောင်မြို့နယ်၊ အုတ်ဖို (ခ) အိုးဖောက်ကျေးရွာ၌ သင်္ဘောဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေနဲ့ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတို့မှာ လျာထားပါဝင်မှုမရှိပါ၍ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းတွင် ထည့်သွင်း၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ရှင်းလင်းဖြေကြားထားပါတယ်။

အဲဒီအပေါ်မှာ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ပြီးတော့ ဖြေကြားချင်တာကတော့ ဒီအဆိုပါ ခရီးလမ်းမှာ ရေယာဉ်ဆိုက်ကပ်တဲ့ဆိပ်ကမ်း (၆)ခုရှိပါတယ်။ စစ်တွေဆိပ်ကမ်း၊ ဘူးသီးတောင်ဆိပ်ကမ်း(၂)ခုကတော့ ကျွန်တော်တို့ ပြည်တွင်းရေကြောင်းနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကနေပြီးတော့ တည်ဆောက်ထားတဲ့ဆိပ်ကမ်းတွေ ဖြစ်ပါတယ်။ အခြားကြားဆိပ်ကမ်းတွေကတော့ ရသေ့တောင်၊ စဖိုကျွန်း၊ အုတ်ဖို (ခ) အိုးဖောက်၊ ညောင်ချောင်း အဲဒီ(၄)ခုကတော့ သက်ဆိုင်ရာဒေသတွေရဲ့ အစီအစဉ်နဲ့ တည်ဆောက်ထားတဲ့ ဆိပ်ခံတံတားများ ဖြစ်ပါတယ်။ အဲဒီမှာလည်းပဲ ဒီကျနေတဲ့ ကျွန်တော့်ဆီမှာရှိတဲ့ စာရင်းတွေကတော့ ပြည်တွင်းရေကြောင်းပိုင်ရေယာဉ်ရဲ့ ခရီးသည်လိုက်ပါမှုကတော့ အဲဒီတံတားမှာ နွေရာသီမှာ(၅၀)ဦးခန့်နဲ့ မိုးရာသီမှာ ခရီးသည်ဦးရေ(၃၀)ခန့် အတက်အဆင်းရှိတဲ့ ဆိပ်ကမ်းဖြစ်ကြောင်း၊ ဒါကတော့ ဒီဘက်က တခြားသင်္ဘောလိုင်းတွေ စာရင်းတော့ ကျွန်တော့်ဆီမှာ လောလောဆယ် မရရှိဘဲနဲ့ ရှိထားတဲ့ဟာကို ပြောတာပါ။ အဲဒီတော့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အနေနဲ့ကတော့ ခုနသိတဲ့အတိုင်းပဲ နိုင်ငံတော်ဘဏ္ဍာငွေရဲ့ပြင်ပမှာ ဖြစ်သွားပါပြီ၊ သူ့ကို Corporatization လုပ်ဖို့ဆိုပြီးတော့ အစိုးရဘတ်ဂျက်ထဲမှာ မပါတော့ပါဘူး။ မပါဘဲနဲ့ ကိုယ့်ဟာကိုယ် ငွေနဲ့ရပ်တည်ထားရတော့ သူ့အနေနဲ့ လောလောဆယ် ဘတ်ဂျက်က မရှိဘူးဖြစ်ပါတယ်။ ဒါနဲ့ ကျွန်တော်က ဒီကိစ္စဟာ တကယ်တမ်းလည်း ကျွန်တော်တို့ ကိုယ်ချင်းလည်းစာပါတယ်။ တကယ်လည်း

အခက်အခဲရှိနေတာ မှန်ပါတယ်။ ကုန်းပေါင်ထိုးပြီးတော့ ခက်ခက်ခဲခဲ တက်ရောက်နေရတဲ့အတွက်ကြောင့် ကျွန်တော်ထပ်ပြီးတော့ စုံစမ်းပါတယ်။ အဲဒီတော့ ၂၀၁၇-၂၀၁၈ ရခိုင်ပြည်နယ်အစိုးရရဲ့ ဘတ်ဂျက်မှာ သေချာပေါက် ထည့်သွင်းမှာပါဆိုပြီးတော့ ကျွန်တော် ပြည်နယ်ရုံးကနေပြီးတော့ သတင်းရရှိတဲ့အတွက်ကြောင့် ဘာပဲပြောပြော ၂၀၁၇-၂၀၁၈ ဒီအစီအစဉ်နဲ့ ဆောင်ရွက်မယ့် အကြောင်းကိုပဲ ကျွန်တော့်အခြေအနေကို ဖြည့်စွက်ရှင်းလင်း အစီရင်ခံအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ဆက်လက်ပြီး ဖြေကြားသွားပါမယ်။ ဖြေကြားတဲ့ အခါမှာပိုပြီးတော့ သူ့မှာလည်း မေးခွန်း အပိုင်းနှစ်ပိုင်း ပါ ပါတယ်။ ဖြေကြားရာမှာ ရှင်းရှင်းလင်းလင်းဖြစ်အောင် ကျွန်တော် Power point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ သူ့ရဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ကနေပြီးတော့ ရခိုင်ပြည်နယ်ရှိ ပျက်စီးနေသည့် ရထားလမ်းများအား မည်သည့်အချိန်တွင် ပြုပြင်ရန်နှင့် မည်သည့်အချိန်တွင် ပြန်လည်ပြေးဆွဲရန် အစီအစဉ် ရှိ/မရှိ၊ ရထားလမ်းဟာ စစ်တွေမြို့နယ်အထိလည်းကောင်း၊ ကျောက်တော်မှ မြောက်ဦးရထားလမ်းပိုင်းအတွက် ဒေသခံများလက်ခံသည့် ယဉ်ကျေးမှုနယ်မြေရှောင်လမ်းမှလည်းကောင်း၊ အခြားမြို့နယ်များသို့ ဆက်လက်လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းထားတာ ဖြစ်ပါတယ်။ ပုံမှာတွေ့တဲ့အတိုင်းပဲ အစိမ်းရောင်လမ်းလေးဟာ ဒီ ကျွန်တော်တို့ စစ်တွေ-အမ်း-မင်းဘူး၊ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း အတွက် ဖောက်ဖို့ရန်လျာထားထားတဲ့လမ်း ဖြစ်ပါတယ်။ အဲဒီမှာ မင်းချောင်းတံတားဆိုတာ အောက်မှာ စစ်တွေကနေ ရေချမ်းပြင်၊ ရေချမ်းပြင်ပြီးတော့ ဟိုဘက်မှာ မင်းချောင်းတံတားအောက်မှာရှိတဲ့ တံတား အနီလေး ရှိပါတယ်။ ကျွန်တော်တို့ မင်းချောင်းတံတားက ကြီးတဲ့အတွက်ကြောင့် ပေ(၇၀၀၀)ကျော် ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ မဖောက်နိုင်ပါဘူး။ မလုပ်ရသေးပါဘူး။ အဲဒီမှာ ကျွန်တော်တို့ ကွမ်းတောင်ကနေပြီးတော့ ကျောက်တော်ထိ ကြားဖြတ်လမ်းလေးကို ပြေးဆွဲခဲ့ပါတယ်။ အဲဒါမှာ ၂၀၁၅ ခုနှစ် မုန်တိုင်းဒဏ်ကြောင့်မို့ ဒီ ပျက်စီးသွားပါတယ်။ အဲတော့ ပျက်စီးတဲ့အခါမှာ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ မိုးတွင်းကာလမှာ သဘာဝဘေးဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း မြောက်ဦးခရိုင်၊ ကျောက်တော်မြို့နယ်၊ ကျောက်တော်-ယိုးတရုတ် လမ်းပိုင်းဟာ ရေတိုက်စားပြီး တာပေါင်များ၊ တံတား များ ပျက်စီးခဲ့တဲ့အတွက်ကြောင့် ရထားလမ်းခရီးစဉ်ကို ရပ်နားထားခဲ့ရပါတယ်။

ဒါပေမဲ့ ကွမ်းတောင်နဲ့ ယိုးတရုတ်ကြားကျတော့ ပျက်စီးမှုနဲနဲလေးပဲရှိတဲ့အတွက်ကြောင့်မို့ အဲဒီလမ်းပိုင်းလေးကိုတော့ ပြန်ပြင်ပြီးတော့ ကျွန်တော်တို့ ရခိုင်သလောက်ခရီးစဉ်တွေကို ပြန်လည်ပြီးတော့ ပြေးဆွဲပေးခဲ့ပါတယ်။ အဲဒီမှာ သဘာဝဘေးဒဏ်ကြောင့် ယိုးတရုတ်-ကျောက်တော် လမ်းပိုင်းရဲ့ပျက်စီးမှုအခြေအနေဟာ ဂဏန်းတောင်နဲ့ ကျောက်တော်ကြားမှာ တာပေါင်အရှည် (၀.၅)မိုင်၊ မိုင်ဝက်ခန့် ရေတိုက်စားခံရပြီး တာပေါင်ပြတ်ထွက်မှု ဖြစ်ပေါ်ခဲ့ခြင်း၊ အဆိုပါလမ်းပိုင်းအတွင်းရှိ တံတားသုံးစင်းရဲ့ Abutment and Retaining Wall များပျက်စီးခဲ့ခြင်း၊ ဘူတာရုံနဲ့ဝန်ထမ်းနေအိမ်များပျက်စီးခဲ့ခြင်းတို့ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒါက ဖြစ်သွားခဲ့တဲ့ဂဏန်းတောင်နဲ့ အပေါက်ဝကြားက ရထားလမ်းတာပေါင်ပျက်စီးခဲ့တဲ့ပေပေါင်း (၃၂၀၀)ပျက်စီးခဲ့တဲ့အခြေအနေ၊ နောက်တစ်ပုံ ရေကြီးတုန်းက အခြေအနေ၊ နောက်တစ်ပိုင်း အဲဒါကတော့ ပတ္တလားဖြစ်သွားပါတယ် ရထားလမ်းက၊ ပတ္တလား

ဖြစ်သွားတဲ့နောက်အခြေအနေ နောက်တစ်နေရာပါ။ နောက် ဒါကတော့ ဘူတာရုံနဲ့ ဝန်ထမ်းနေအိမ်တွေ ပျက်စီးသွားတာပါ။

အဲဒီတော့ အထက်ပါပျက်စီးမှုတွေကို ပြန်လည်ပြုပြင်ဖို့အတွက် ကျွန်တော်တို့ လုပ်ခဲ့ပါတယ်။ အဲဒီမှာ အဆိုပါလမ်းပိုင်းကို ရေရှည်တည်တံ့ခိုင်မြဲချင်ရင် တာပေါင်ပြတ်ထွက်တဲ့နေရာမှာ ရေကြီးရေလျှံမှု ထပ်မံဖြစ်ပေါ်ခဲ့ရင် ဟိုဘက်ဒီဘက်ကို ရေထွက်နိုင်အောင် Balance ဖြစ်နိုင်အောင် လက်ရှိတံတားတွေနဲ့ မလုံလောက်ဘူးဆိုတာ တွေ့ရပါတယ်။ ဒါ့ကြောင့် ပေ(၂၀) သုံးခန်းပါတဲ့တံတား တစ်စင်း၊ ပေ(၂၀) နှစ်ခန်းပါတဲ့ Span တံတားနှစ်စင်း၊ စုစုပေါင်းတံတား သုံးစင်းကို ထပ်တိုးပြီးတော့ ဆောက်လုပ်ရမှာ ဖြစ်ပါတယ်။ ဒါမှ တာပေါင်ကို မထိခိုက်မှာဖြစ်ပါတယ်။ ပျက်စီးသွားတဲ့တံတား သုံးစင်းရဲ့ Abutment and Retaining Wall တွေကိုလည်း ပြန်ပြီးတော့ပြင်ရမှာဖြစ်ပါတယ်။ တံတား အသစ်သုံးစင်းထပ်တိုးမယ်။ ပျက်စီးတဲ့တံတားသုံးစင်းကို Abutment and Retaining Wall တွေ ပြင်ရမယ်။ ပျက်စီးသွားတဲ့တာပေါင်အရှည် (၀.၅)မိုင်ကို တာပေါင်ပြန်လည်ပြုပြင်ရမယ်။ ပျက်စီးသွားတဲ့ လုပ်ငန်းအဆောက်အအုံနဲ့ ဘူတာရုံနဲ့ ဝန်ထမ်းနေအိမ်တွေကို ပြန်လည်ပြုပြင်ရမှာ ဖြစ်ပါတယ်။ အဲဒါတွေကို အသေးစိတ်တွက်ချက်လိုက်တဲ့အခါမှာ စုစုပေါင်းဘဏ္ဍာငွေ (၅၄၈.၂)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကတည်းက ယိုးတရုတ်-ကျောက်တော်လမ်းပိုင်း ကို သဘာဝဘေးဒဏ်ကြောင့် ပြန်လည်ပျက်စီးတယ်။ ဒါ့ကြောင့် နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေ ကနေကျခံ ပြီးဆောင်ရွက်ခွင့်ပြုပါလို့ တင်ပြတော့လည်းပဲ ကျွန်တော်တို့ ခွင့်ပြုချက်မရရှိခဲ့ပါဘူး။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ရန်ပုံငွေတောင်းရာမှာ ထည့်သွင်းတောင်းခံတော့လည်းပဲ ခွင့်ပြုခဲ့ခြင်း မရှိပါဘူး။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မူလခွင့်ပြုချက် ရန်ပုံငွေမှာတင်ပြ တောင်းခံတဲ့အခါ မှာလည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအခြေအနေနဲ့ မူဘောင်သတ်မှတ်ချက်တွေအရ ယိုးတရုတ်-ကျောက်တော် လမ်းပိုင်းပျက်စီးမှုဟာ ပြုပြင်ဖို့ ဘဏ္ဍာငွေရရှိခြင်း မရှိခဲ့ပါဘူး။ အဆိုပါပျက်စီးမှု များအနက်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပေ(၂၀)နှစ်ခန်း တံတားတစ်စင်းတော့ တည်ဆောက်ဖို့ဆိုပြီးတော့ ငွေကျပ်သန်း(၁၄၀) ခွင့်ပြုထားပါတယ်။ ဒါ့ကြောင့် အဲဒါကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့အစီအစဉ်နဲ့ တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမဲ့ ကျန်တဲ့တံတားနှစ်စင်း ထပ်တိုးရမှာနဲ့ ပျက်စီးသွားတဲ့တာပေါင်တွေ ပြုပြင်ရန်အတွက် ဘဏ္ဍာငွေ မပါရှိခြင်းတို့ကြောင့် ယိုးတရုတ်-ကျောက်တော်လမ်းပိုင်းဟာ မဖွင့်လှစ်နိုင်သေးခြင်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၆-၂၀၁၇ မူလခွင့်ပြုချက်မှာမပါတော့ ဖြည့်စွက်ရန်ပုံငွေမှာ ကျွန်တော်တို့ တောင်းကြည့်ပါမယ်။ တောင်းလို့ရ ရင်တော့ ကျွန်တော်တို့ ပြင်ဆင်သွားမှာ ဖြစ်ပါတယ်။

နောက် ကျွန်တော် ဒုတိယပိုင်းမေးခွန်းကို ဆက်ပြီးတော့ ဖြေပါ့မယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက် ဒုတိယပိုင်းမှာ မြန်မာ့မီးရထားမှ ကျောက်တော်-မြောက်ဦး ရထား လမ်းပိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ စီမံကိန်းလုပ်ငန်းများ (၆၀) ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးချိန်မှာ အဆိုပါရထားလမ်းဟာ ရှေးဟောင်းယဥ်ကျေးမှုဇုန်နယ်မြေကို ဖြတ်သန်းဖောက်လုပ်နေတယ်လို့ ဖော်ပြပြီးတော့ ဒေသခံပြည်သူတွေရဲ့ ကန့်ကွက်ချက် ရှိခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၄-၂၀၁၅ ကစပြီးတော့ ရပ်ဆိုင်းသွားတာပါ။ အဲဒီမှာ ပုံမှာတွေ့နိုင်မှာပါ။ ဒီမူလတုန်းက

အပြာရောင်လေး ဖြစ်ပါတယ်။ အခုအနီ dot dot dot ပြထားတာသည် ကျွန်တော်တို့ ရှောင်ရမယ့်နေရာပေါ့။ ရှောင်ရမယ့်နေရာ အဓိက(၃)နေရာကို ညာဘက်အခြမ်းမှာ ဖော်ပြထားပါတယ်။ အပေါ်မှာကတော့ ကျောက်တော်နားမှာ ဖြစ်ပါတယ်။ အမှန်ကတော့ ဝေသာလီဘူတာနားမှာဖြစ်ပါတယ်။ နောက်မြောက်ဦးဘူတာနားမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ခုနတုန်းက လူနေရပ်ကွက်တွေနဲ့ ဝေးတဲ့နေရာတွေလည်း ဖြစ်သွားနိုင်ပါတယ်။ ဒီနေရာမှာ အားလုံး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှောင်ကွင်းလမ်းအား ထပ်မံရှာဖွေခဲ့သော်လည်းပဲ ယခုအချိန်ထိ ဒေသခံပြည်သူတွေရဲ့ သဘောတူညီမှုမရရှိသေးတဲ့အတွက်ကြောင့် ကျောက်တော်-မြောက်ဦးလမ်းပိုင်းဟာ ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါဘူး။ ဒေသခံပြည်သူများရဲ့ သဘောထားတူညီချက် ရရှိပြီးပြီ။ အားလုံးကျေနပ်သဘောတူကြပြီးပြီဆိုရင် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာ နိုင်ငံတော်ကို ဘဏ္ဍာငွေ တင်ပြတောင်းခံပြီးတော့ ခွင့်ပြုချက်ရရှိပါက ဆက်လက်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)


အပေါက်ဝဘူတာ နှင့် ကျောက်တော်ဘူတာကြား ရထားလမ်းတာဘောင် ရေကျော်မှု အခြေအနေ (စ)



မင်းဘူး-အမ်း - စစ်တွေ ရထားလမ်း ဖောက်လုပ်ရေးစီးမံကိန်း ကွမ်းတောင်-ကျောက်တော်လမ်းပိုင်း ပျက်စီးမှုအခြေအနေ (စ-၁)



ကျောက်တော်-မြောက်ဦးလမ်း ရထားလမ်း အူကြောင်းပြပုံ (စ-၂)



**အချိန်၊ ၁၀း၃၅။**

**ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးက ကျွန်တော့်မေးခွန်းကို ရှင်းလင်းစွာ ဖြေကြားပေးတဲ့အတွက်ကြောင့် ပြည်ထောင်စုဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်း မေးလိုတာကတော့ ပြည်ထောင်စုဝန်ကြီးဌာနက တခြားအစီအစဉ်နဲ့ ဒေသအတွင်း အသုံးပြုမောင်းနှင်ခွင့်ပြုထားတဲ့ယာဉ်တွေ ရှိပါသလား။ နံပါတ်နှစ်အနေနဲ့ ကျွန်တော်တို့ဒေသမှာ ထူးခြားတဲ့သင်္ကေတအမှတ်အသားတွေနဲ့ မောင်းနှင်ခွင့်ပြုထားတဲ့ကားတွေ ရှိနေတယ်ဆိုတာကို ပြည်ထောင်စုဝန်ကြီးအနေနဲ့ သိရှိပါသလား။ သိရှိလို့ရှိရင် မည်သည့်မူဝါဒ လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ မည်သည့်အစီအစဉ်အရလည်းကောင်း ခွင့်ပြုထားသည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ တချို့ တိုင်းနဲ့ပြည်နယ်တချို့မှာ အဲဒါတွေကို သိမ်းယူပြီးတော့ လိုင်စင်မဲ့ယာဉ်တွေကိုသိမ်းယူပြီးတော့ ဌာနဆိုင်ရာတွေကို သိမ်းယူလိုက်တယ်။ နိုင်ငံပိုင်အဖြစ်နဲ့ သိမ်းယူလိုက်တယ်။ ဘဏ္ဍာထိန်းပစ္စည်းဆိုပြီးတော့၊ အဲဒါတွေကို ဌာနဆိုင်ရာတွေရဲ့လိုအပ်ချက်အတိုင်း ခွဲဝေမျှတ သုံးစွဲတယ်ဆိုတဲ့ တစ်ချက်တော့သိပါတယ်။ အဲဒီတော့ ဒေသအာဏာပိုင်တွေအနေနဲ့ အဲသလိုဆောင်ရွက်တာတွေကို အမှန်တကယ်တမ်းကတော့ ဌာနပိုင်အဖြစ်နဲ့သိမ်းလိုက်ပြီ နိုင်ငံပိုင်ဖြစ်သွားရင်တော့ သူဟာ တရားဝင်သွားတယ်။ ဒါက ဒေသအာဏာပိုင်ကနေပြီးတော့ သိမ်းဆည်းလိုက်တယ်။ နိုင်ငံပိုင်အဖြစ်နဲ့ သိမ်းဆည်းတယ်။ သူဟာ အခုနကပြောတဲ့ လျှော်ကြေး အခုနကပြောတဲ့ အဲဒီကိစ္စမှာ မည်ကဲ့သို့ ဒီ တရားဝင်အောင် ဟိုတုန်းက ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်းပဲ ကာလတန်ဖိုး သတ်မှတ်သလား။ ကာလတန်ဖိုးရဲ့ (၈၅) ရာခိုင်နှုန်းကို ဒီနိုင်ငံတော်ဘဏ္ဍာအဖြစ်နဲ့ သွင်းခဲ့သလား။ အဲဒါတွေတော့ ကျွန်တော် သေသေချာချာ တိတိကျကျ မစုံစမ်းရသေးကြောင်း ဝန်ခံပါတယ်။ သို့သော် ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော် တစ်ဦးတည်း ဒီဌာနရဲ့သဘောအရကတော့ တရားဝင်လိုင်စင်မရှိတာတွေကို လိုင်စင်ရှိအောင် လုပ်ပေးခြင်းသည် ဥပဒေကို ဥပဒေမဲ့ ကျူးလွန်လာအောင် လုပ်တာလို့ ကျွန်တော့်ရဲ့ တစ်ဦးတည်းသဘောအရတော့ခံယူပါတယ်။ ဒါ့ကြောင့် ကျွန်တော်ကတော့ ဘယ်လိုမှ တရားမဝင်ကို တရားဝင်ဖြစ်အောင်တော့ လုပ်မပေးနိုင်ပါဘူး။ ကျွန်တော်ဖြေကြားလိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၂-၅-၂၀၁၆ ရက်နေ့တွင်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ၁၁-၅-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့ကောင်စီဥပဒေ (ဥပဒေအမှတ် ၈/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော် ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ၃-၅-၂၀၁၆ ရက်နေ့ တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ၁၁-၅-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်ကောင်စီ ဥပဒေ(ဥပဒေအမှတ်၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၂) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၁၀း၄၁ နာရီအချိန်တွင် ရပ်နားပါသည်။]